# တူတူပုန်းတမ်း ကစားကြမယ်

Phạm Quang Phúc



This book was adapted into the Myanmar Language by MBAPF in partnership with Room to Read Accelerator™ under the Myanmar Let's Read Project

# Hide and Seek

# တူတူပုန်းတမ်း ကစားကြမယ်

Author: Phạm Quang Phúc
Illustrator: Phạm Quang Phúc
Editor: လူသာမန်
Translators: စန္ဒာဝင့်ထွန်း၊ ဆုလင်း၊ တင်မာလင်း

MM-ABP-19-0019

Copyright © 2015 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Vietnam by Room to Read in 2015
First Myanmar Language Edition
ISBN – 978-99971-54-19-4

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving the quality and access to library services throughout Myanmar (Burma).
Learn more at www.mbapf.org

Room to Read ® Accelerator provides technical assistance services in children's literacy and girls' education. Learn more at www.roomtoread.org.

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read Vietnam:
972E Trường Sa Street,
Ward 13, District 3, Ho Chi Minh City,
Vietnam

ထုတ်ဝေသူ –
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် – ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊
ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊
ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

တူတူပုန်းတမ်း ကစားကြမယ်





ဟိုးရှေးရှေးတုန်းက အရုက်အကြောက်ကြီးတဲ့ ကြွက်ကလေးတစ်ကောင်ဟာ ရေကန်တဝိုက်မှာပဲ ကစားလေ့ရှိတယ်တဲ့။ ဒါကိုသိတဲ့ တောက်တဲ့လေးက ကြွက်လေးကို စနောက်ဖို့ တခြားသူငယ်ချင်းတွေကို သွားခေါ်လိုက်တယ်။



“ကြံ့လေးရေ၊ ငါတို့တွေနဲ့ တူတူပုန်းတမ်း ကစားကြမလား၊ ငါတို့ ဗိုလ်–ကျား–သေနတ် ကစားပြီး ဆုံးဖြတ်ကြမယ်လေ။”



‘ဗိုလ်’ တစ်ခုတည်းလုပ်နိုင်တဲ့ ကြွက်ကလေးအကြောင်းကိုသိတဲ့ တခြား သူငယ်ချင်းတွေက ‘ကျား’ လုပ်ပြီးတော့ အနိုင်ယူလိုက်ကြတယ်။



သူတို့တစ်တွေက ပုန်းဖို့နေရာကို စတင်ရှာဖွေကြတယ်။
သူတို့အချင်းချင်းလည်း
"ကြွက်ကလေး တို့တစ်တွေကို မတွေ့အောင် ဘယ်မှာ
ပုန်းကြမလဲဟေ့" လို့ မေးကြတယ်။



ကြံ့ကလေးက မျက်လုံးတွေ ပိတ်ထားပြီး စတင်ရေတွက်တယ်။
“ ၅၊ ၁၀၊ ၁၅၊ ၂၀ . . . ”



၁၀၀ အထိလည်း ရေတွက်ပြီးရော ကြွေလေးက မျက်လုံးကို ဖွင့်ကြည့်လိုက်တယ်။ ပြီးတော့ “သူတို့ ဘယ်မှာလဲ၊ ဘယ်လိုရှာရမလဲ။” လို့ စတင်စဉ်းစားတယ်။



မျောက်ကလေးက သစ်ပင်ရဲ့ထိပ်အထိ တက်ပုန်းနေတာ။
“မင်းရဲ့အမြီးရှည်ကြီးကို ငါ မြင်နေရပြီနော်” လို့ဆိုကာ
ကြံ့လေးက ပျော်ရွှင်သွားတယ်။



ရှဉ့်ညိုလေးက သစ်ခေါင်းထဲကို မြန်မြန် ဝင်ပုန်းနေလိုက်ပေမယ့်
ကြံ့ကလေးက “ဟော့ ရှဉ့်ညိုရေ၊ မင်းရဲ့အမြီးပွလေးကို
ငါ မြင်နေရတယ်ကွ” လို့ ပြုံးပြီး ပြောလိုက်တယ်။



အကြံကုန်သွားတဲ့ ယုန်ငယ်လေးဟာ ဂူထဲကို ဝင်ပုန်းလိုက်တယ်။
အပြင်မှာတော့ ဖြူကောင်ဟာ သူ့ရဲ့ဆူးတောင်တွေကို ပန်းတွေနဲ့
ဖုံးအုပ်ဖို့လုပ်ရင်း ယောက်ယက်ခတ်နေတယ်။



ချက်ချင်းပဲ ဖမ်းမိသွားတဲ့ ကြွလေးက
"ဟေး... မင်းတို့ ဒီလိုပုံစံနဲ့ ဘယ်လိုပုန်းလို့ ရမှာလဲကွာ" ဆိုပြီး
ပြောလိုက်တယ်။



နေးကွေးတဲ့ခရုလေးဟာ သစ်ရွက်သေးသေးလေးအောက်
ဝင်ပုန်းနေတယ်။



ကြက်တူရွေးကတော့ ခပ်တည်တည်နဲ့ သစ်ကိုင်းပေါ် ပုန်းနေတာမို့
ကြံ့လေးက လွယ်လွယ်ကူကူပဲ ရှာတွေ့ခဲ့ပါတယ်။



ကြောင်တောင်တောင်ဖြစ်နေတဲ့ သမင်က အရွက်မရှိတဲ့သစ်ပင်မှာ
ပုန်းနေလိုက်တယ်။ ထွားကြိုင်းတဲ့ဝက်ဝံကတော့ ကျောက်တုံး
နောက်မှာ ပုန်းဖို့ ကြိုးစားနေတယ်။



“မင်းတို့တစ်တွေ ဘယ်မှာပုန်းနေကြတာလဲဆိုတာ ငါသိပါတယ်ကွာ”

လို့ ကြွက်လေးက ရယ်ပြီး အော်ပြောလိုက်တယ်။



လိပ်ကလေးက ကျောက်တုံးယောင် ဆောင်ကာ သူ့အခွံထဲ
ပြန်ဝင်ပုန်းနေပြီး ဖားလေးက သူ့ရှေ့သစ်ပင်အုပ်ထဲမှာ ဝင်ပုန်းနေတယ်။



ဘယ်လိုပဲ ပုန်းပုန်း၊ ကြွက်လေးက
ရှာတွေ့တာချည်းပဲ။



တောက်တဲ့ကလွဲလို့ပေါ့။ သူ့ကို ဘယ်မှာမှ
ရှာမတွေ့ဘူးဖြစ်နေတယ်။



သူငယ်ချင်းတွေအားလုံးက
“ဒီတစ်ခါတော့ တော်တော် ရှာရခက်မယ်” လို့ ဝိုင်းပြောကြတယ်။



ဟိုဟိုဒီဒီ အနံ့ရှာရင်း ကြွက်လေးရဲ့ခြေထောက်တွေ ညောင်းကိုက်
လာတယ်။



“တောက်တဲ့ဟာ အပုန်းတော်ပေမယ့် ငါ သူ့ကို မကြာခင်
ရှာတွေ့မှာပါ။ ဘယ်သူမှ ကူရှာပေးစရာမလိုဘူး” လို့
ကြွံ့လေးက ထိုင်ငိုနေရင်း ပြောလိုက်တယ်။



အဲဒီနောက်မှာတော့ စိတ်ပျက်လက်ပျက်နဲ့ ခေါင်းငိုက်စိုက်ချပြီး ရေကန်ကို ငေးကြည့်နေမိတဲ့ ကြွက်ကလေးဟာ “ဟေး၊ ငါ တောက်တဲ့ကို တွေ့ပြီကွ” လို့ ထအော်လိုက်တယ်။



တောက်တဲ့ဟာ မချိပြုံး ပြုံးလိုက်ပြီး “အင်းပါ၊ ငါက မင်း ဦးချိုပေါ်မှာ ရွှေးပြီး ပုန်းနေတာ။ ဒီအကြံ မဆိုးပါဘူးနော်” လို့ ပြောလိုက်တယ်။



ကြံ့ကလေးဟာ တခိခိနဲ့ ရယ်လိုက်ပြီး “ဒီတစ်ခါ ငါ့အလှည့် ရောက်ပြီ။ ဘယ်မှာ ပုန်းရမလဲဆိုတာကိုလည်း ငါသိသွားပြီ။ မင်းတို့ ငါ့ကို လိုက်ရှာကြတော့” လို့ ပျော်ရွှင်စွာ စိန်ခေါ်လိုက်တော့တယ်။

Shy Rhino is invited to play 'Hide and Seek' with Gecko and his friends. Follow her to join the fun!



Pham Quang Phuc သည် စာရေးဆရာ၊ သရုပ်ဖော်ပန်းချီဆရာဖြစ်သည့်အပြင် ပုံပြင် ဖတ်ပြသူလည်းဖြစ်သည်။ ဂရပ်ဖစ်ဒီဇိုင်းဘာသာရပ်နှင့် ဘွဲ့ရရှိခဲ့ပြီး သရုပ်ဖော်ပန်းချီရေးဆွဲခြင်း၌ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသူတစ်ယောက်ဖြစ်သည်။ ကလေးစာပေရေးသားခြင်းသည် Pham Quang Phuc ၏ ငယ်ဘဝအိပ်မက်ဖြစ်ခဲ့လေ၏။ သူ့အတွက် ပုံပြင်ပြောခြင်းသည် စိတ်အပန်းပြေရုံသာမက ဘဝနေနည်းကိုလည်း ထိန်းညှိပေး၏။ သူ၏ ပုံပြင်များမှတစ်ဆင့် ကလေးများအတွက် စိတ်ဝင်စားမှုနှင့်စိတ်ကူးယဉ်အိပ်မက်များ နိုးကြားလာလိမ့်မည်ဟု မျှော်လင့်ထားသည်။



Huynh Vu Tuong သည် ငယ်စဉ်မှစ၍ ဂျပန်ကာတွန်းရုပ်ရှင်များဖြစ်သော Doraemon, Pokemon နှင့် Tatoro.... စသည်တို့ကို မြတ်နိုးသူတစ်ဦးဖြစ်သည်။ သူသည် ဂရပ်ဖစ်ဒီဇိုင်းဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး စိတ်ကူးအိပ်မက်အတိုင်း အနုပညာရှင်အဖြစ် ရပ်တည်ခဲ့သူတစ်ဦးဖြစ်သည်။ သူ၏လက်ရာများကို ကလေးများ သဘောကျကြလိမ့်မည်ဟု မျှော်လင့်ထားသည်။



ရှက်တတ်တဲ့ကြွ့ကလေးကို တောက်တဲ့နဲ့ သူ့ရဲ့သူငယ်ချင်းတွေက တူတူပုန်းတမ်း ကစားဖို့ ခေါ်ကြတယ်။ သူတို့နဲ့ အတူတူ လိုက်ပါကစားရင်း ပျော်ကြရအောင်လေ။